မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

## "အပြစ်မရှိသူကိုးဦးအား သေဒဏ်ချမှတ်ထားသည့်ကိစ္စ နှင့် စပ်လျဉ်း၍" မြန်မာနိုင်ငံရှေ့နေများကောင်စီမှ မေတ္တာရပ်ခံ ပန်ကြားချက်

စစ်အာဏာပိုင်များကို လုံးဝပင်ဦးညွတ်နာခံရသော ရန်ကုန်တိုင်းမြောက်ပိုင်းခရိုင်တရားရုံးသည် နိုင်ယက္ခ ခေါ် နေဝင်း နှင့် အခြားအပြစ်ကင်းမဲ့သူ ရှစ်ဦး၊ စုစုပေါင်း ကိုးဦးအား ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သေဒဏ် စီရင်ချက်ချမှတ်ခဲ့သည်။ တရားခံ နိုင်ယက္ခ ခေါ် နေဝင်းသည် ဦးဆောင်သူဖြစ်ကြောင်းနှင့် ကျန်တရားခံ ရှစ်ဦးတို့သည် နိုင်ယက္ခ ဦးဆောင်မှုကိုခံယူ၍ ပြည်ပဆန့်ကျင်ရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ဖေါက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ နိုင်ငံတော် အကြီးအကဲများအား လုပ်ကြံရန် ကြံစည်ခြင်း စသည့်စွပ်စွဲချက်များဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂(ဃ) အရ ယင်းသို့စီရင်ခဲ့ခြင်းဖြစ်သည်။ နိုင်ယက္ခမှာ နအဖ နှင့် အပစ်အခတ်ရပ်စဲရေးလုပ်ထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်သည့် မွန်ပြည်သစ်ပါတီတွင် ခေါင်းဆောင်အဆင့်အထိ တာဝန်ယူခဲ့သူတဦးဖြစ်သည်။ အခြားစွပ်စွဲခံသူများအနက် တဦးဖြစ်သော ဇော်သက်ထွေး ခေါ် သက်ဇော်မှာ မြန်မာနိုင်ငံတွင် အအောင်မြင်ဆုံးနှင့် စောင်ရေအများဆုံးဖြစ်သော **Eleven Sport** ဂျာနယ် ၏ အယ်ဒီတာချုပ် ဖြစ်သည်။

လူ့အခွင့်အရေး နှင့် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်လျက်ရှိသော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက် မှုဖြင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ယင်းအမှုနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို လေ့လာစုဆောင်းခဲ့သည်။ ထို့နောက် မကြာသေးခင်ကာလကမှ ယင်းအမှုအပေါ် ရန်ကုန်တိုင်းမြောက်ပိုင်းခရိုင် တရားရုံး၏ စီရင်ချက်မူရင်းကို လက်ခံရရှိခဲ့သည်။ ယင်းအမှုတခုလုံး နှင့် စပ်လျဉ်းပြီး ဥပဒေကြောင်းအရ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ သုံးသပ်တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပြစ်မှုမှာ နိုင်ငံတော်ပုန်ကန်မှုဖြစ်သော်လည်း တရားလိုမှာ နိုင်ငံတော် မဟုတ်ဘဲ ဒုရဲမှူးရဲမြင့် ဖြစ်နေကြောင်း တွေ့ရှိရသည်။ နိုင်ငံတော် ပုန်ကန်မှုများကို ရဲအရာရှိတဦးက တရားစွဲဆိုခွင့်မရှိ။ နိုင်ငံတော်ကသာ တရားစွဲဆိုရသည်။ နိုင်ငံတော်ကိုယ်စား နိုင်ငံတော်အစိုးရက တာဝန်ပေးအပ်ခံရသော ပုဂ္ဂိုလ်တဦးက တရား လိုအဖြစ် ရဲစခန်းတွင် ပထမ သတင်းပေးတိုင်ချက်ဖွင့်ကာ အရေးယူဆောင်ရွက်ရသည်။ ဤအမှုတွင် ယင်းသို့ဆောင်ရွက်ထားကြောင်း မပေါ်လွင်ပေ။

(၁) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၆ တွင် နိုင်ငံတော်သမတ သို့မဟုတ် နိုင်ငံတော်သမတက အခွင့်အာဏာလွှဲအပ်ခြင်းခံရသော အရာရှိထံမှ တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုအပ်သောအမှုများ စါရင်းတွင် နိုင်ငံတော်ပုန်ကန်မှု ဖြစ်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂ လည်းပါရှိသည်။ ခွင့်ပြုမိန့်ရှိမှသာ တရားစွဲဆိုနိုင်သည်။ ယင်းခွင့်ပြုမိန့်ကို သက်သေခံ ဥပဒေ ပုဒ်မ ၇၈ နှင့် အညီ တင်သွင်းရန်ဖြစ်ပြီး ခွင့်ပြုမိန့်

တွင်ပါသော တရားစွဲဆိုခြင်းခံရသူသည် တရားခံဖြစ်ကြောင်းတင်ပြရန် လိုသည်။[1] သို့ရာတွင် စီရင်ချက်၌ ဤဥပဒေလိုအပ်ချက်အား မည်သို့လိုက်နာထားကြောင်း ဖေါ်ပြထားခြင်းမရှိပေ။

(၂) ရန်ကုန်ခရိုင်မြောက်ပိုင်းတရားရုံး၏ စီရင်ချက်တွင် ဤအမှုကို ဒုရဲမှူးရဲမြင့်က ဦးတိုက်လျှောက်ထား တရားစွဲဆိုကြောင်းဖြင့် ဖေါ်ပြထားသည်။ ဥပဒေသဘောတွင် ရဲစခန်းမှ စုံစမ်းစစ်ဆေးပြီး စွပ်စွဲခံရသူမှာ ပြစ်မှုကျူးလွန်ကြောင်းဖြင့် ခိုင်လုံသည်ဟု အမှုလိုက်ရဲ အရာရှိကထင်မြင်ယူဆပြီးနောက် အစိုးရရှေ့နေသို့လွှဲ အပ်ကါ တရားရုံးသို့ တင်ပို့စွဲဆိုသော မှုခင်းများကို ဦးတိုက်လျှောက်ထားတရားစွဲဆိုသည် ဟူ၍သုံးနှုန်း ဖေါ်ပြရိုးမရှိပေ။ ယင်းသို့ ဖေါ်ပြစီရင်ဆုံးဖြတ်ထားခြင်းမှာ မှားယွင်းနေပေသည်။ နိုင်ငံတော် ပုန်ကန်မှုကြီးများကို လည်း ရဲမှ တရားရုံးသို့ **(Direct Complaint)** အဖြစ် တိုက်ရိုက်ဦးတိုက်လျှောက်ထား တရားစွဲဆိုခွင့်မရှိပေ။ ယင်းသို့ စွဲဆိုလာလျှင်ပင် ရဲစခန်းသို့ ပြန်လည်လွှဲပြောင်းပေးအပ်ကာ နိုင်ငံတော် ကိုယ်စါး တာဝန်ရှိသူမှ ရဲစခန်းတွင် ပထမသတင်းပေး တိုင်ချက်ပြန်လည်ဖွင့်လှစ်စေပြီး အစိုးရရှေ့နေမှ တဆင့် တရားရုံးသို့ အမှုပြန်လည်ပေးပို့စေရန် တရားရုံးမှညွှန်ကြားရန် တာဝန်ရှိပေသည်။ ယင်းသို့ လုပ်ဆောင်ရန် ပျက်ကွက်ခြင်းမှာ ဥပဒေကြောင်း လုပ်ထုံးလုပ်နည်းအဆင့်ဆင့်နှင့်အညီ တရားစီရင်မှုကို စနစ်တကျမဆောင်ရွက်ခြင်းဖြစ်ကြောင်း ပေါ်လွင်နေသဖြင့် ဤအမှုတွင် စွပ်စွဲခံရသူများမှာ တရားမျှတ သော တရားစီရင်ရေးကို ခံစါးခွင့်မရှိခဲ့ကြောင်းထင်ရှားသည်။

(၃) ပြစ်မှုများကို စီရင်ရာ၌ တရားခွင်ရှေ့သို့ မရောက်မီအဆင့်၊ တရားခွင်၌ စစ်ဆေးစီရင်သည့်အဆင့်၊ တရား ခွင်၌ စစ်ဆေးစီရင်ပြီးသည့် နောက်ပိုင်းအဆင့်များအားလုံးတွင် ရှင်းရှင်းလင်းလင်းရှိစွာ၊ အများမြင်သာ၍ လေ့လာခွင့်ရှိသည့်အနေအထားအောက်တွင် စစ်ဆေးစီရင်ရမည်ဖြစ်သည်။ အထူးသဖြင့် ဤမျှကြီးမား၍ စွပ်စွဲခံရသူတဦး၏ အသက်ရှင်သန်ပိုင်ခွင့်ကို ရုပ်သိမ်းနိုင်လောက်သည့်အထိ ကြီးမားစွာပြစ်ဒဏ်စီရင်နိုင် သော မှုခင်းကြီးများတွင် ယင်းအခြေအနေမှာ ပို၍လိုအပ်ပေသည်။ သို့ရာတွင် ဤမှုခင်းကြီး၌

(က) စစ်အာဏာပိုင်များကသာ မှုခင်းဖြစ်စဉ်ကြီး တခုလုံးကို ထိမ်းချုပ်ပြင်ဆင် တင်သွင်းခဲ့ပြီး ဥပဒေ အရပုံစံဝင်အောင်သာ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရသည်။

(ခ) သက်သေများအား တရားဝင်စုံစမ်းစစ်ဆေးရေးအရာရှိမဟုတ်သော စစ်ထောက်လှမ်းရေးများက လျှို့ဝှက်အချုပ်ခန်းများ၌ ခြိမ်းခြောက်စစ်ဆေးကါ ထွက်ချက်များကို ရယူခဲ့ကြောင်းတွေ့ရှိရသည်။

(ဂ) အမှု စစ်ဆေးရာ၌ လည်း အများပြည်သူတက်ရောက်လေ့လာခွင့် မရှိခဲ့ကြောင်းတွေ့ရှိရသည်။

(၄) သက်သေခံပစ္စည်းများကို ရှာဖွေပုံစံတွင် မှတ်တမ်းတင်ထားရှိခဲ့သော်လည်း ရှာဖွေသက်သေတဦး တယောက်ကိုမျှ သက်သေအဖြစ်တင်သွင်းခဲ့ခြင်းမရှိ၊ သက်သေခံပစ္စည်းအထောက်အထားတစုံ တရာကိုမျှ ရုံးရှေ့မှောက်သို့ တင်ပို့ခဲ့ခြင်းမရှိဘဲ ဤမျှကြီးမားသောမှုခင်းကြီးကို ဆုံးဖြတ်စီရင်ခဲ့ခြင်းမှာ ဥပဒေအရ လုံးဝ ပင်မှားယွင်းတိမ်းစောင်းလျှက်ရှိပေသည်။

(၅) စစ်ထောက်လှမ်းရေးမှ ရယူခဲ့သော ထွက်ဆိုချက်များကို တရားရုံးတွင် သက်သေခံအဖြစ် တင်သွင်းခဲ့သည်။ သက်သေခံအက်ဥပဒေ ပုဒ်မ ၂၄ မှ ၂၈ အထိပြဌာန်းချက်များအရဆိုလျှင် အဆိုပါသက်သေထွက်ဆိုချက်များကို လက်ခံနိုင်ခွင့်မရှိခြေ။

[1] ၁။ အောင်ဒိုး နှင့် အစိုးရ (၁၈၈၆) ရွေးချယ်ထားသော စီရင်ထုံးများ ၃၈၉ (အောက်မြန်မာပြည်)

(၆) အဓိက သက်သေတဦးအဖြစ် ဖေါ်ပြထွက်ဆိုခြင်းခံရသော မျိုးချစ်ဆိုသူကိုလည်း သက်သေအဖြစ် တင်သွင်းထားခြင်းမရှိခြေ။ ထို့ကြောင့် ထိုသူကိုမူတည်၍ ထွက်ဆိုထားသော သက်သေထွက်ဆိုချက်များအားထောက်ခံသက်သေခံချက်များအဖြစ် လက်ခံနိုင်ခြင်းမရှိခြေ။

**(7)** ကိုသန်းထွန်း အား အစိုးရသက်သေ အဖြစ်ဥပဒေ အရာရှိက ခွင့်ပြုလက်ခံသော အထောက်အထားမတွေ့ရှိရပေ။[2] ၎င်းအထောက်အထားအား တရားရုံးသို့ တင်သွင်းထားခြင်းလည်းမရှိပေ။ ၎င်းအား အခြားတရားခံများနှင့်အတူ ပူးတွဲဖမ်းဆီးခဲ့ခြင်းဖြစ်သော်လည်း အစိုးရသက်သေအဖြစ်သတ်မှတ်နိုင်စေရန် ၎င်းထံမှ ဖြောင့်ချက် ရယူထားခြင်းမရှိ။ ၎င်းဖြောင့်ချက်ကို နည်းလမ်းတကျ ရယူထားကြောင်း ဖြောင့်ချက်ယူသည့် တရားသူကြီး၏ အစစ်ခံချက်လည်းမရှိခြေ။ ကိုသန်းထွန်း ထံမှ ဖြောင့်ချက်ရယူပြီးနောက် ဖြောင့်ချက်တွင် ပါသည့်အတိုင်း ထွက်ဆိုပါမည်ဟု ဝန်ခံသဖြင့် ဥပဒေအရာရှိက ကိုသန်းထွန်းအား အစိုးရသက်သေအဖြစ် သတ်မှတ်ကာ စည်းကမ်းချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့ပြီးဖြစ်ကြောင်း တရားရုံး၏စီရင်ချက်တွင် ဖေါ်ပြထားခြင်းလည်းမရှိခြေ။ သို့ဖြစ်၍ ဤအမှုမှာ အစိုးရရှေ့နေ၊ ဥပဒေအရာရှိများက စနစ်တ ကျပြင်ဆင်၍ တင်သွင်းစွဲဆိုသောအမှု မဟုတ်ကြောင်းထင်ရှားသည်။

(၈) ဤမျှကြီးမားသော မှုခင်းကြီးဖြစ်သော်လည်း လွတ်လပ်သော တရားလိုပြသက်သေ တဦးတယောက်ကိုမျှ ရုံးရှေ့သို့တင်ပို့နိုင်ခြင်းမရှိခြေ။ တင်ပြခဲ့သော တရားလိုပြသက်သေခြောက်ဦးလုံးမှာလည်း လွတ်လပ်သူများ လုံးဝမဟုတ်ခြေ။ ခြောက်ဦးအနက် ကြံရာပါအစိုးသက်သေအဖြစ် ငြိမ်းခြောက်သတ်မှတ်ကာ အရေးမယူဘဲလွှတ်ပေးထားသော ကိုသန်းထွန်းမှလွဲ၍ ကျန်သက်သေငါးဦးလုံးမှာ ရဲအရာရှိများသာ ဖြစ်နေကြောင်း တွေ့ရသည်။

(၉) နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုမြောက်စေမည့် မည်သည့်သက်သေခံ အထောက်အထားဖြစ်စေ၊ သက်သေထွက်ဆိုချက်ဖြစ်စေ ကို လုံးဝပင်မတွေ့ရှိရပေ။

## “သုံးသပ်ချက်”

ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုကို စနစ်တကျ တင်သွင်းဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ဤအမှုမှာ မူလကထဲက ပျက်ပြယ်နေပြီးဖြစ်သည်။ ပျက်ပြယ်နေပြီးသော မှုခင်းကို တရားရုံးကလက်ခံကါ စစ်ဆေးစီရင်ခြင်းမှာ လည်း မှားယွင်းကြောင်းတွေ့ရသည်။

အဓိက တရားခံအဖြစ် နအဖ မှ သတ်မှတ်သော မွန်ပြည်သစ်ပါတီမှ နိုင်ယက္ခ နှင့် စပ်လျှဉ်း၍ တရားရုံး၏ စီရင်ချက်၌ ၎င်းမှာ ပြည်တွင်းတွင်ဖေါက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကိုယ်တိုင်ဦးဆောင်ပြီး ကျွမ်းကျင်သူများအားစုစည်းခြင်း၊ နိုင်ငံတော်အကြီးအကဲများ၏ နေအိမ်အချို့အား ကြည့်ရှုမှတ်သားခြင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ချိန်ကိုက်ဗုံးထောင်ခြင်း၊ မြို့တော်ခန်းမနှင့် သူရဲကောင်းစစ်သည်ဗိမာန်တို့တွင် ဗုံးထောင်ရန်ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တွေ့ရှိရကြောင်းသုံးသပ်ထားသည်။ သို့ရာတွင် မည်သည့်သက်သေများ၏ ထွက်ချက် ဆိုချက်များအရ ဟူ၍လည်းကောင်း၊ မည်သည့်သက်သေခံချက် အထောက်အထားများအရ ဟူ၍ လည်းကောင်း တရားရုံး၏စီရင်ချက်၌ လုံးဝပင်ဖေါ်ပြထားခြင်းမရှိခြေ။

[2] တရားစွဲ နှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက် အမှတ် ၁၊ (၂၀၀၁) အပုဒ် (၁၃)

ဤအမှုမှာ စစ်ထောက်လှမ်းရေးမှ လုပ်ကြံဖန်တည်းထားသော အမှုဖြစ်သည်။ တရားရုံးအနေဖြင့်လည်း မိမိတို့ ရှေ့မှောက်၌ လွှတ်လပ်သော တရားလိုပြသက်သေများ၏ အစစ်ခံ ထွက်ဆိုချက်အရ မဟုတ်ဘဲ စစ်ထောက် လှမ်းရေးမှ အသင့်ရေးသားတင်ပို့သော ထွက်ဆိုချက် ဆိုသည်များအပေါ်သာ အခြေပြုပြီး စီရင်ခဲ့သောအမှု ဖြစ်သည်။ ထို့အပြင် စီရင်ချက်တွင် ဖေါ်ပြထားချက်အရပင် သက်သေခံပစ္စည်းများကို ရုံးရှေ့သို့မတင်ပို့ဘဲ စီရင်ခဲ့ ကြောင်းတွေ့နိုင်သည်။ မူလကထဲက ပျက်ပြယ်နေပြီးသောအမှုကို တရားရုံးက လက်ခံကြားနာစီရင်ပုံမှာလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် များစွာဆန့်ကျင်ရုံမက နမော်နမဲ့ ဖြစ်သလိုစီရင်ခဲ့ကြောင်း တွေ့ရသည်။ ယင်းသို့ စီရင်ပြီး ဤမျှကြီးမားသော သေဒဏ်ပြစ်ဒဏ်ကို တရားခံများအပေါ် ချမှတ်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ၌ တရားစီရင် ရေးလွှတ်လပ်မှု လုံးဝဆိတ်သုဉ်းနေပြီး အပြစ်မဲ့ပြည်သူများအတွက် တရားမျှတမှုကို ဆောင်ကြဉ်းမပေးနိုင်ကြောင်း သက်သေခံချက်ပင်ဖြစ်သည်။ တဖန် ဤအမှုကို လုပ်ကြံစီစဉ်ပြီး အဘယ်ကြောင့် ဤမျှပြင်းထန်သော ပြစ်ဒဏ်ကို ချမှတ်ခဲကြောင်း လေ့လာသုံးသပ်ရန် လိုအပ်လာသည်။

ဤမှုခင်းကြီးတွင် အဓိကတရားခံဖြစ်သူ နိုင်ယက္ခ မှာ မွန်ပြည်သစ်ပါတီတွင် ခေါင်းဆောင်အဆင့်အထိ တာဝန် ယူခဲ့သူတဦးဖြစ်သည်။ နိုင်ယက္ခအား ပြင်းထန်စွာအရေးယူပြလိုက်ခြင်းဖြင့် မွန်ပြည်သစ်ပါတီ အပါအဝင် အပစ် အခတ်ရပ်စဲရေးလုပ်ထားပြီး ရနိုင်သမျှသောအခြေအနေအောက်တွင် နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်ရန် ရည်ရွယ်ချက်ရှိကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ကြီးမားစွာခြိမ်းခြောက်လိုက်ခြင်း ပင်ဖြစ်သည်။ အောင်မြင်လာသော **Eleven Sport** ဂျာနယ်၏ အယ်ဒီတာချုပ် ဇော်သက်ထွေး ခေါ် သက်ဇော်အား ပြင်းထန်စွာအရေးယူပြလိုက်ခြင်းဖြင့် စတင်သန္ဓေတည်လာနိုင်သည့် လွှတ်လပ်သောသတင်း ဌာန လုပ်ငန်းအား နအဖ မှ စနစ်တကျ ရိုက်ချိုလိုက်ခြင်းဖြစ်သည်။ ဤနိုင်ငံရေး ရည်မှန်းချက်များဖြင့် ယခု အမှုအား နအဖ အာဏာပိုင်များ၏ စီစဉ်ညွှန်ကြားမှုအရ စစ်ထောက်လှမ်းရေးမှ လုပ်ကြံဖန်တည်း တင်သွင်းခဲ့ ခြင်းဖြစ်သည်ဟု သုံးသပ်သည်။

## ပန်ကြားချက်

နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုဖြင့် လုံးဝ အပြစ်မရှိပါဘဲလျှက် မသေမခြင်း လည်ပင်းကြိုးကွင်းတပ်၍ ကွပ်မျက်စီရင်ရန် မတရားပြစ်ဒဏ်ချမှတ်ခြင်းခံရသော အပြစ်ကင်းမဲ့သူ ကိုးဦးသေဒဏ်မှ ချွင်းချက်မရှိ လွှတ် မြောက်စေရေးအတွက် တတ်စွမ်းသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အနေဖြင့် နိုင်ငံတကာမှ အစိုးရများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းကြီးများ၊ ဥပဒေဆိုင်ရာ အသင်းအဖွဲ့များ၊ လူထု အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ တရားမျှတမှုကို လိုလားတောင်းဆို တိုက်ပွဲလျှက်ရှိကြသော ပုဂ္ဂိုလ်များ အားလုံးအား အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ                    မတ်လ (၉)ရက်၊ ၂၀၀၄ ခုနှစ်

ပိုမိုသိရှိလိုပါလျှင် ဆက်သွယ်ရန်
ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ (ဖဖ) (၀ ၁– ၄၈၇ ၀၂၆၂)